

# ကရုဏာရိပ်သွင်

## မိဘမဲ့ ကလေးငယ်များအတွက်

# **အကြင်နာရင်ခွင် ဖန်တီးရှင်**

## *ဈေးရောင်းပွဲတော်*



နာဂစ်ကို မေ့ပျောက်ကာ ချန်ထားရစ်လို့ ရလျှင် ရနိုင်မယ်။ နာဂစ်ရဲ့ ကြမ်းတမ်းတဲ့လက်နဲ့ ခြေဖျက်လို့ ဘဝကြေပျက်ခဲ့ရတဲ့ လူသားများစွာဆီကနေ ယိုစီးကျလာတဲ့ မျက်ရည်စက်တွေကတော့ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းတို့နဲ့အပြိုင်၊ လှိုင်လှိုင်ပဲ စီးဆင်းကာသာ နေဆဲပါ။

ဒီအထဲမှာ အဖေ မရှိ၊ အမေ မရှိ၊ အကို ညီ မောင် နှမ ဖြစ်ကျန်နေရစ်ခဲ့လို့ ခိုရာမဲ့၊ တွယ်ရာကင်း၊ ဘဝမှန်တိုင်း ပြင်းပြင်းကြားမှာ ထိတ်လန့်ကြောက်ရွံ့ပြီး အထီးကျန် ဖြစ်နေရစ်ကြရှာတဲ့ ကလေးငယ်တွေရဲ့ ဘဝဒုက္ခကတော့ အဆိုးတကာ့ အဆိုးဆုံးလို့ ဆိုရမှာပါ။

လူသားရယ်လို့ဖြစ်တည်လာစ သူတို့လေးတွေအပေါ် ကျရောက်ခဲ့တဲ့ ဒုက္ခလှိုင်းလုံးက ဘဝနုနုလေးတွေနဲ့ မမျှအောင်ပဲ ဒဏ်ချက်က ပြင်းထန်လွန်းပါတယ်။

တွယ်ရာမဲ့ဗေဒါပမာ မျောလွင့်ချင်ရာ မျောလွင့်နေကြရရှာတဲ့ သူတို့လေးတွေအတွက် နားခိုစရာတစ်ခုတော့ ဖန်တီးပေးသင့်တာ အမှန်ပါ။

ဘယ်သောင်တင် ဘယ်ကမ်းဆိုက် ကိုယ့်ဘဝသစ်ပင်ကို ဘယ်နေရာမှာ စိုက်ရမယ်မှန်း မသိသေးတဲ့ သူတို့တွေအတွက် နားခိုရာလေး တစ်နေရာ ရနိုင်စေဖို့ ဝိုင်းဝန်းကြိုးစားရှာဖွေပေးဖို့က အကြင်နာတရားရှိသူ ၊ အသိဉာဏ်ရှိသူ လူသားအားလုံးရဲ့ တာဝန်ဝတ္တရားပါ။

အလှူရှင်များရဲ့ အကြင်နာ စေတနာအားနဲ့ ကျနော်တို့ရဲ့ လုပ်အားဒါန အားတွေက တွယ်ရာမဲ့ ကလေးငယ်လေးများအတွက် နားခိုရာလေး တစ်နေရာ ကောင်းကောင်း တည်ဆောက်ပေးနိုင်မှာပါ။

ကလေးတွေရဲ့ အနာဂတ်အတွက် အမှန်တကယ်ပူပန်တယ်ဆိုလျှင်ဖြင့် သူတို့တွေရဲ့ ပစ္စုပ္ပန်ဘဝအခြေအနေကို လုံးဝ ဥပေက္ခာပြုကာ မေ့ထားလို့ဖြစ်နိုင်မယ် မဟုတ်ပါဘူး။ ကျနော်တို့ရဲ့ အကြင်နာလက်နဲ့ သူတို့လေးတွေရဲ့ မျက်ရည်စက်ကို ယုယုယယ သုတ်ပေးကြရအောင်လား။

ကျင်းပမည့်နေ့။ September 21, 2008 Sunday

ကျင်းပမည့်နေရာ။ Newark Pavilion
6430 Thornton Avenue
Newark, CA 94560

ကျင်းပမည့်အချိန်။ **နံနက် ၁၀နာရီခွဲမှ ညနေ ၃နာရီအထိ**

### ဆက်သွယ်ရန်

ဇော်ဝင်းထွန်း (510) 552 0305
ထက်လင်းနိုင် (510) 673 5930
ဇေယျာ (510) 557 3766
ကျော်သူရ (415) 420 1504

ပွဲချိန်အတွင်း မြန်မာ့ရိုးရာဒိုးပတ်နှင့် ဗေးရီယာရှိ ကလေးငယ်များက မြန်မာ့ရိုးရာ၊ တိုင်းရင်းသားရိုးရာ အဆိုအကတို့ဖြင့် ဖျော်ဖြေမည်။

အလှူငွေအားလုံးကို ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ နှင့် ရန်ကုန်မြို့ ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာ ဆရာတော် ဒေါက်တာ အရှင်ဓမ္မပီယ ဦးစီးသော **Child Aid Foundation** သို့ လှူဒါန်းမည်။ ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း ၅၁၀ ၇၉၅ ၀၄၀၅ နှင့် ရန်ကုန် ဖုန်း ၉၅၁ ၅၇၁၃၁၂ ၊ ၅၆၂ ၄၄၁ သို့မေးမြန်းနိုင်ပါ သည်။